စိတ်ကြည်လင်၏၊ ထိုသို့ စိတ်ကြည်လင်ခြင်း၏ အကြောင်းဖြစ်သောကြောင့်လည်း ဤကျောင်း၌ ကိန်းအောင်း မှီခိုပါသည်။

## သူ့နေရာနှင့်သူ အတိုချုပ် ဆင်ခြင်ပုံ

နေ၍ ချမ်း၍ ကျောင်းထဲသို့ ဝင်ချင်လျှင် "အနေ အချမ်းကို ကွယ်ကာတိုရာ ဤကျောင်းကို သုံးစွဲပါသည်" –ဟု ဆင်ခြင်ပါ။

လေပူ နေပူ၍ ကျောင်းထဲသို့ ဝင်လိုလျှင် "အပူကို ကွယ်ကာတိုရာ ဤကျောင်းကို သုံးစွဲပါသည်"ဟု ဆင်ခြင်ပါ။

မှက် ခြင်စသည်တို့ ကိုက်မည်စိုး၍ ကျောင်းထဲသို့ ဝင်သောအခါ "ခြင် မှက်စသော ဘေးရန်ကို ကွယ်ကာတိုရာ ဤကျောင်းကို သုံးစွဲပါသည်"ဟု ဆင်ခြင်ပါ။

ဤသို့ သူ့နေရာနှင့်သူ ဆင်ခြင်သွားလျှင် နောက်ထပ် မဆင်ခြင်သော်လည်း အပြစ်မရှိတော့ပါ၊ သို့သော် ဘုရားဝတ်တက်သောအခါဖြစ်စေ ပုတီးစိပ်ရင်းဖြစ်စေ ပြခဲ့သော ကျောင်းလင်္ကာကို ဖြည်းဖြည်းရွတ်၍ ဆင်ခြင်ပါစေ။